# ယူနန်တံခါးဖွင့်ခြင်းကို လန်ချန်-မဲခေါင်သတင်းထောက်ကချီးမွမ်း

“ထိုင်းဘာသာစကားနဲ့ ရှမ်းဘာသာစကားမှာ တူတဲ့အသံထွက်ရှိတယ်။”၊ “ကျွန်တော်တို့မြန်မာပြည်မှာလည်း တူညီတဲ့ စက္ကူပြုလုပ်နည်းပညာရှိတယ်။”၊ “ကျွန်တော်တို့လာအိုနိုင်ငံမှာလည်းကောက်ညှင်းထုပ်စားကြတယ်။”-- ဇွန်လ(၁၅)ရက်နေ့မှ(၁၇)ရက်နေ့ ပထမဦးဆုံးကြိမ် လန်ချန်မြစ်-မဲခေါင်မြစ်နိုင်ငံများ ပြန်ကြားရေးအရာရှိနှင့် မီဒီယာသတင်းထောက်များမွမ်းမံသင်တန်းမှ သင်တန်းသား(၁၅)ဦးသည် လင်ချန်းမြို့သို့ရောက်ရှိပြီး နယ်စပ်ဂိတ်ပေါက်ရှေးခေတ်စက္ကူပြုလုပ်ခြင်းအတတ်ပညာ၊ နယ်စပ်ပြည်သူများ ကုန်စည်ဖလှယ်ရေးဈေးကြီးစသည်များကို ကြည့်ရှုလေ့လာခြင်းခရီးစဉ်တစ်လျှောက်တွင် အများဆုံးပြောဆိုခဲ့သောစကားမှာ “ကျွန်တော်တို့” ဖြစ်သည်။ လင်ချန်းမြို့တံခါးဖွင့်ဝါဒကျင့်သုံးပြီးနောက်တွင် မြစ်တစ်မြစ်ရေအတူသောက်သောချစ်ကြည်ရေးကို ပိုမိုလေးနက်စွာခံစားမိစေပါသည်။ လန်ချန်-မဲခေါင်းမြစ်ဝှမ်း နိုင်ငံအသီးသီးတို့၏ ပေါ်လစီ၊ အခြေခံအဆောက်အဦးများ၊ ကုန်သွယ်ရေး၊ ငွေကြေးစီးဆင်းမှု၊ ပြည်သူပြည်သားများ၏ နှလုံးသားစိတ်ချင်းစသည့်ဆက်နွယ်မှုများ ပိုမိုသိသာထင်ရှားလာသည်။ လန်ချန်-မဲခေါင်သတင်းထောက်များသည် တစ်လမ်းလုံးပျော်ရွှင်စွာစကားပြောဆိုပြီး ယူနန်ပြည်နယ်နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုကို လက်မထောင် ချီးမွမ်းနေကြပါတော့သည်။



# လမ်းချင်းချိတ်ဆက်၍ စိတ်နှလုံးသားချင်းဆက်သည်



(၁၅)ရက်ညနေ လင်ရှမ်မြို့နယ်မှထွက်ခွာပြီး ဘက်(စ်)ကားဖြင့် ကျို့ကျိုက်ရွာသို့သွားခဲ့သည်။ ထို့နောက် လင်ချန်းမှ ချင်းရွှေဟော်အမြန်ကားလမ်းမလမ်းဖောက်နေရာသို့ ရောက်ရှိခဲ့သည်။ ကြီးမားသောလမ်းဖောက်လုပ်ယာဉ်များသည် အရှိန်အဟုန်မြင့်ဖြင့် အလုပ်ရှုပ်နေခဲ့သည်။

အဆိုပါလမ်းမသည် လန်ချန်း-မဲခေါင်နိုင်ငံများအတွက် အလွန်တန်ဖိုးရှိသည်။ ချင်းရွှေဟော်ဂိတ်မှ သိန်းနီ၊ လားရှိုး၊ မန္တလေး၊ မကွေးမှတဆင့် အိန္ဒိယသမုဒ္ဒရာကမ်းခြေ ကျောက်ဖြူထိ ရောက်နိုင်သည်။ ခန့်မှန်းချက်အရ (၂၀၂၀)ခုနှစ်တွင် တရားဝင်အသုံးပြုပြေးဆွဲနိုင်မည်ဖြစ်သည်။

“တရုတ်နဲ့မြန်မာသည် ပေါက်ဖော်ညီအစ်ကိုဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာနမှ ဦးမျိုးမောင်မောင်က ဆောက်လုပ်ဆဲအဝေးပြေးလမ်းမကို မြင်ချိန်တွင် အလွန်စိတ်လှုပ်ရှားခဲ့သည်။ ချင်းရွှေဟော်နှင့်ကျောက်ဖြူဆိပ်ကမ်းကို ဆက်သွယ်ပေးခြင်းသည် မြန်မာ-တရုတ်ချစ်ကြည်စွာ ပူးပေါင်းဆောက်ရွက်ရေး၏ သာဓကတစ်ခုသာဖြစ်ကြောင်း လင်ချန်းသည် တရုတ်နိုင်ငံမှမြန်မာနိုင်ငံသို့ဝင်ကာ အိန္ဒိယသမုဒ္ဒရာသို့သွားနိုင်သောမြို့ဖြစ်ကြောင်း အဆိုပါလမ်းမသည် နှစ်နိုင်ငံမှ အခြေခံအဆောက်အဦးပစ္စည်းများ၊ စိုက်ပျိုးရေးထုတ်ကုန်များဖလှယ်နိုင်သောလမ်းမဖြစ်မည်မှာ သေချာပါကြောင်း မိမိအနေဖြင့် အထူးစောင့်မျှော်နေကြောင်း ဦးမျိုးမောင်မောင်မှပြောကြားခဲ့သည်။ သူသည် မြန်မာနိုင်ငံဘက်ကို ညွှန်ပြရင်း “နောက်ဆို တရုတ်နိုင်ငံကို လာဖို့ပိုလွယ်သွားပြီ။”ဟု ဆက်လက်ပြောဆိုခဲ့ပါသည်။

# အပြန်အလှန်ကူးသန်းရောင်းဝယ်၍ အလုပ်တွင်ကျယ်သည်

(၁၆)ရက်နေ့နံနက် လင်ချန်းမြို့ မုံ့တင့်မြို့နယ် ချင်းရွှေဟော်ဂိတ်တွင် တရုတ်-မြန်မာနှစ်နိုင်ငံ ကုန်ကားများ စစ်ဆေးခံရန် စစ်ဆေးယာဉ်(၁၀)စီးခန့် ရပ်နားနေသည်။ ချင်းရွှေဟော်ဂိတ်သည် မြန်မာနိုင်ငံနှင့်ဆက်နေပြီး မြန်မာနိုင်ငံ ကျောက်ဖြူမြို့နှင့်(၉၃၈)ကီလိုမီတာကွာဝေးသည်။ ယူနန်ပြည်နယ်နှင့် တောင်အာရှ၊ အရှေ့တောင်အာရှကိုချိတ်ဆက်ပေးကာသွားရေးလာရေးလွယ်ကူစေသော ကုန်းလမ်းမကြီးတစ်ခုဖြစ်သည်။

“ချင်းရွှေဟော်ဂိတ်က တရုတ်-မြန်မာနယ်စပ်စစ်ဆေးရေးနဲ့ အကောက်ခွန်ရှင်းလင်းရေးစနစ်က ပြည့်စုံမှုရှိပြီး နှစ်နိုင်ငံမှနိုင်ငံသားများ၏ ကူးသန်းရောင်းဝယ်ရေးအတွက် အဆင်ပြေသည်။”ဟု လာအိုနိုင်ငံ《Vientiane times》မှ သတင်းထောက် Visith Teppalath မှ ပြောသည်။ သူသည် နယ်စပ်နေပြည်သူလူထုများက လက်ဗွေရာစနစ်ဖြင့် မှတ်ပုံတင်အချက်အလက်များ စစ်ဆေးခြင်းအတွက် အလွန်စိတ်ဝင်စားပါသည်။

တရုတ်နှင့်မြန်မာနိုင်ငံအကြားကူးသန်းရောင်းဝယ်ရေးနှင့် နယ်စပ်ဖြတ်သန်းသွားလာသူများမှာ တစ်နေ့တခြားစည်ကားလျှက်ရှိနေသောကြောင့်ချင်းရွှေဟော်နယ်စပ်ဂိတ်၏ အခြေခံအဆောက်အဦးများကိုလည်း အဆင့်မြှင့်တင်နေသည်။ (၂၀၂၀)ခုနှစ်တွင်ပြီးဆုံးမည့် နိုင်ငံကူးတံခါးအသစ်သည် ယခုလက်ရှိနိုင်ငံကူးတံခါးနှင့်မီတာ(၉၀၀)ကွာဝေးပြီး လင်ချန်း-ချင်းရွှေဟော်အမြန်ကားလမ်းနှင့် တိုက်ရိုက်ချိတ်ဆက်ထားသည်။

# စက္ကူသည် ပါးလွှာသော်လည်း ဖော်ပြသည့်ချစ်ခြင်းမေတ္တာကရှည်လျားသည်

(၁၆)ရက်နေ့ညနေ လန်ချန်-မဲခေါင်သတင်းထောက်သင်တန်းမှ သင်တန်းသားများသည် “တရုတ်တိုင်လူမျိုးစက္ကူထုတ်လုပ်မှုပထမကျေးရွာ” ဖြစ်သော ဂိမ်မာတိုင်၊ ဝတိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင် မုံ့တင့်မြို့နယ်မန်ထွမ်ကျေးရွာသို့ရောက်ရှိခဲ့ပြီး တိုင်လူမျိုးတို့၏ စက္ကူထုတ်လုပ်ခြင်းလက်မှုပညာယဉ်ကျေးမှု၏ ဆွဲဆောင်မှုစွမ်းပကားကို ခံစားခွင့်ရရှိခဲ့ပါသည်။

“ကမ္ဘောဒီးယား Khett Batlambang ပြည်နယ်မှလည်း စက္ကူထုတ်လုပ်ခြင်းလက်မှုပညာရှိတယ်။ ရှေးခေတ်တရုတ်နိုင်ငံကဝင်ရောက်တာဖြစ်တယ်။ လုပ်ပုံလုပ်နည်းနဲ့ကုန်ကြမ်းများမှာ တူလုနီးပါးရှိပြီး နှစ်ပေါင်းရာကျော်အမွေဆက်ခံခဲ့တဲ့လက်မှုပညာဟာ တိုင်လူမျိုးများ အခုချိန်ထိ ဆက်လက်ကျင့်သုံးနေဆဲဖြစ်တယ်”ဟု ကမ္ဘာဒီးယားပြန်ကြားရေးဌာနအကြံပေး၊ သတင်းနှင့်ရုပ်မြင်သံကြားဌာနဒုအတွင်းရေးမှူး Chhean Leang က စက္ကူပြုလုပ်ခြင်းနည်းပညာကို လက်တွေ့ပြုလုပ်ခံစားခဲ့သည်။ လက်တွေ့လုပ်ရင်းခံစားချက်ကို ပြောပြနေပါသည်။

မန်ထွမ်တိုင်လူမျိုးများ၏ စက္ကူပြုလုပ်ခြင်းလက်မှုပညာသည် ယနေ့အထိ နှစ်(၆၀၀)သက်တမ်း ရှိခဲ့ပြီဖြစ်သည်။ စက္ကူထုတ်လုပ်ရေးလုပ်ငန်းသည် မန်ထွမ်ရွာ၏ အဓိကစီးပွားလုပ်ငန်းဖြစ်ပြီး လွန်ခဲ့သောနှစ်က လက်မှုစက္ကူပေါင်းအရွက်(၁၅)သိန်းထုတ်လုပ်ခဲ့ကာ ဝင်ငွေပေါင်း ယွမ်ငွေသိန်း(၄၀)ရရှိခဲ့သည်။ “ဒါက ကျေးရွာဖွံ့ဖြိုးချမ်းသာရေးအတွက် ကောင်းမွန်တဲ့အတွေ့အကြုံများ ဖြစ်တယ်။ ဒီတစ်ခါကျွန်တော်တို့ လာရကျိုးနပ်ပါတယ်။”ဟု ကမ္ဘောဒီးယားပြန်ကြားရေးဌာနအကြံပေး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲရေးဒုအတွင်းရေးမှူး Long Seng က လက်မထောင်ကာ ချီးမွမ်းပြောကြားသွားပါသည်။

သတင်းထောက် ဝမ်ဟွမ်း၊ ဝမ်စီရွှေ၊ ရှင်ရန့်

